# သာမန်ကာလ (၁၈)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်ယောဟန် ၆း၂၄-၃၅

ယနေ့ ဖတ်ရတဲ့ ရှင်ယောဟန် ဧဝံဂေလိကျမ်းစာမှာ သခင်ယေဇူးကို လိုက်ရှာနေကြတဲ့ လူတွေကို သခင်ယေဇူးက "သင်တို့သည် တန်ခိုးလက္ခဏာကို မြင်ရသောကြောင့်မဟုတ်။ ပေါင်မုန့်ကိုစား၍ ဝသောကြောင့်သာ ငါ့ကို ရှာကြ၏။" လို့ မိန့်တော်မူပါတယ်။ တစ်ချို့လူတွေက ကိုယ်လိုချင်တာလေး ရဖို့အတွက်ပဲ ဘုရားကို အသုံးချကြတယ်။ ကျန်းမာဖို့အတွက် ဘုရားဆီ လာကြတယ်။ ချမ်းသာဖို့အတွက် ဘုရားဆီ လာကြတယ်။ ဘေးအန္တရာယ် ကင်းဖို့အတွက် ဘုရားကို ကိုးကွယ်ကြတယ်။ ကျန်းမာဖို့အတွက် ဆုတောင်းပေမဲ့ တစ်နေ့ကျ သေမှာပဲ။ လာဇရုးကို သေရာမှပြန်ရှင်ပေးလိုက်ပေမဲ့ လာဇရုးက တစ်နေ့ကျ ပြန်သေဦးမှာပါပဲ။ ဒီလိုပဲ လောကအရာတွေက မတည်မြဲပါဘူး။ သခင်ယေဇူးက မုန့် (၅)လုံးနဲ့ ငါး (၂)ကောင်ကို သူ့တန်ခိုးတော်နဲ့ ပွါးများစေပြီး လူ (၅၀၀၀)ကျော်ကို ကျွေးခဲ့ပေမဲ့ နောက်တစ်နေ့ကျ ဒီလူတွေ ပြန်ဆာငတ်ဦးမှာပါပဲ။ အဲ့လို မတည်မြဲတဲ့လောကအရာတွေကိုရဖို့ မကြိုးစားကြနဲ့ တဲ့။

"ပျက်စီးတတ်သောအစာအတွက် မကြိုးစားကြနှင့်။ ထာဝရအသက် ရဖို့ ငါပေးမည့်အစာအတွက် ကြိုးစားအားထုတ်ကြလော့။" လို့ သခင်ယေဇူးက ဆက်လက် မိန့်တော်မူပါတယ်။ ယနေ့ဖတ်ရတဲ့ ပထမကျမ်း ထွက်မြောက်ရာကျမ်းမှာ ထာဝရဘုရားသခင်က အီဇရာအဲလ် လူမျိုးတွေကို သဲကန္တာရထဲမှာ ကောင်းကင်က မန္နာမုန့်ကို ကျစေပြီး နှစ်ပေါင်း (၄၀) ကျွေးထားတော်မူပါတယ်။ မနက်ပိုင်းမှာ နှင်းနဲ့အတူ ကျလာတဲ့ မန္နာမုန့်ကို ကောက်ယူကြတဲ့အခါ တစ်ရက်စာတစ်ရက်ပဲ ကောက်ယူရပါတယ်။ တစ်ရက်စာအတွက်ပိုပြီး လောဘတကြီး

ကောက်ယူထားရင် နောက်နေ့မနက်ကျတော့ အဲဒီ မနေ့ကပိုကောက်ခဲ့တဲ့ မန္နာမုန့်တွေက ပုပ်သွားတယ်။ အနံ့ထွက်လာတယ်။ ဆိုလိုတာကတော့ လောဘကြီးပြီး ပိုကောက်ထားခြင်းက နောက်နေ့ ဘုရားက ထပ်ပေးဦးမယ်ဆိုတာ စိတ်မချလို့ပါပဲ။ ဘုရားကို မယုံလို့ပါပဲ။ ဒါပေမဲ့ ကျမ်းစာထဲမှာ ရက်တစ်ပတ်ရဲ့ ခြောက်ရက်မြောက်သောနေ့မှာကျတော့ မန္နာမုန့်ကို နှစ်ရက်စာ ကောက်ထားလို့ရပါတယ် တဲ့။ ခြောက်ရက်မြောက်သောနေ့ဆိုတာ အဖိတ်နေ့လေ။ နောက်တစ်ရက်က ဥပုသ်နေ့ဆိုတော့ ဥပုသ်နေ့မှာ ဘာမှမလုပ်ရပဲ ငြိမ်ဝပ်စွာနဲ့ ဘုရားကို ရှိခိုးကိုးကွယ်စေဖို့ပါပဲ။ ဥပုသ်နေ့မှာလည်း မန္နာမုန့် မကျတော့ပါဘူး။

အခုခေတ်မှာလည်း ချင်းလူမျိုးတွေ ကချင်ခရစ်ယာန်တွေဆိုရင် ဥပုသ်နေ့ဖြစ်တဲ့ တနင်္ဂနွေနေ့မှာ အလုပ်မလုပ်ကြပါဘူး။ တစ်နေကုန် ဘုရား ဝတ်ပြုကြတယ်။ ကောင်းမှုတွေပြုကြတယ်။ အလည်အပတ်သွားကြပြီး တယောက်ကိုတယောက် နှစ်သိမ့်အားပေးကြတယ်၊ ဘုရားတရားရေးမှာ သွန်သင်ဆုံးမပေးတယ်၊ ဟောပြောသက်သေခံကြတယ်။ ဓမ္မသီချင်းတွေ သီဆိုပြီး ဘုရားကို ချီးမွမ်းကြတယ်။ အဲ့ဒီလို ဘုရားနဲ့ ဆက်ဆံကြတယ်၊ ဘုရားနဲ့ ပေါင်းစပ်ကြတဲ့သူတွေက ဘယ်လိုလုပ် ဘာသာပျက်တော့မှာလဲဗျာ ။ ကျနော်တို့ မြေပြန့်က ဗမာတွေကျတော့ တနင်္ဂနွေနေ့မှာ တစ်နာရီလောက်လေး ဘုရားရှစ်ခိုးပြီး တစ်နေကုန် ဘုရားကို မေ့မေ့ပျောက်ပျောက်ဖြစ်နေကြတယ်။ တစ်ပတ်မှတစ်ခါ တနင်္ဂနွေနေ့ (၁၀)မိနစ်ဩဝါဒလောက်နဲ့ ဝိညာဉ်ရေးမှာ တိုးတက်လာဖို့ မလွယ်ပါဘူး။

ဒါကြောင့် ယေရှုဘုရားရှင်က “ပျက်စီးတတ်တဲ့အစာအတွက် မကြိုးစားကြနဲ့။ ထာဝရတည်မည့်အစာအတွက် ကြိုးစားအားထုတ်ကြပါ” တဲ့။ ထာဝရတည်မြဲတဲ့အရာတွေ ရချင်ရင် ဘုရားနဲ့ ဆက်ဆံရမယ်။ ဘုရားနဲ့ များများပေါင်းစပ်ရမယ်။ မနက်အိပ်ရာထလည်း ဘုရား၊

အလုပ်လုပ်တော့လည်း ဘုရား၊ တွေးတောကြံစည်တော့လည်း ဘုရား၊ အဲ့ဒီလို လုပ်လေသမျှ ကြံစည်စဉ်းစားလေသမျှ ဘုရားအလိုတော်အတိုင်း ဆိုရင် ဒီလူဟာ အချိန်တိုင်း ဘုရားနဲ့ အတူပေါင်းစပ်နေတာပါပဲ။ ကျနော်တို့ ကက်သလစ်ခရစ်ယာန်တွေမှာတော့ ကိုယ်တော်မြတ်ကို ပင့်ယူခြင်းဖြင့် ဘုရားနဲ့ ပေါင်းစပ်ကြပါတယ်။ ဒါပေမဲ့ နမောနမဲ့နဲ့ ကိုယ်တော်မြတ်ကို ပေါ့ပေါ့ဆဆ ပင့်ယူတဲ့သူအတွက်တော့ ဝေဖါမုန့်ကလေးကို စားရတာနဲ့ အတူတူပါပဲ။ ဘာမျှအကျိုးမရပါဘူး။ ဘုရားနဲ့ပေါင်းစပ်ရာ မရောက်ပါဘူး။ ကိုယ်ပေါင်းစိတ်ခွာလို ဖြစ်နေမှာပေ့ါ။

သခင်ယေဇူးက အဘဘုရားနဲ့ ဘယ်လိုပေါင်းစပ်သလဲ။ အဘဘုရားထံမှာ တစ်ညလုံး ဆုတောင်းစကားပြောတယ်။ လူတွေနဲ့စကားပြောတဲ့အခါမှာလည်း "ငါ့ခမည်းတော်" "ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ" ဆိုပြီး ခဏခဏ မိန့်တော်မူပါတယ်။ အဲဒီလို အမြဲတမ်း ဘုရားနဲ့ ပေါင်းစပ်နေကြရပါမယ်။ ဒါဟာ အဘ ခမည်းတော်ဘုရားကို အမြဲတမ်း စိတ်စွဲနေလို့ဖြစ်ပါတယ်။ ကျနော်တို့လည်း ဘုရားနဲ့ပေါင်းစပ်တာဟာ အဲ့ဒီလို စိတ်အားထက်သန်မှု ရှိရပါမယ်။

ကမ္ဘာပေါ်ရှိ ဘာသာတရားအများစုမှာ ဘုရားက လူတွေကို ဘာလုပ်စေချင်တာလဲဆိုတာပဲ ရှာဖွေကျင့်ကြံကြတယ်။ ကျနော်တို့ ခရစ်ယာန်ဘာသာကျတော့ ဘုရားကြိုက်တာကို လုပ်ချင်ရင် ဘုရားသခင်က စေလွှတ်လိုက်တဲ့ ယေဇူးဘုရားရှင်ကို ယုံကြည်ဖို့ပါပဲ။ ကျနော်တို့က တစ်ခြားဘာသာတွေလို ဘုရားကြိုက်အောင် လုပ်ချင်ကြတယ်။ ဒါပေမဲ့ ဘုရားကတော့ လုပ်စေချင်တာ မဟုတ်ပဲ ယုံစေချင်တာဆိုတာ အခု သခင်ယေဇူးမိန့်တော်မူတဲ့စကားကို နားထောင်ကြည့်ရင် သိနိုင်ပါတယ်။ "ယေဇူးကလည်း ထာဝရဘုရား

နှစ်သက်တော်မူသော အမှုအရာသည်ကား ကိုယ်တော်ရှင် စေလွှတ်တော်မူသောသူကို သင်တို့ယုံကြည်ခြင်းပင် ဖြစ်သတည်း” လို့ လူတွေကို ပြန်ဖြေတော်မူပါတယ်။ ကျနော်တို့လူတွေက ဘုရားကြိုက်တာ လုပ်ချင်ကြတယ်။ ဘုရားကတော့ လုပ်စေချင်တာ မဟုတ်ဘူး၊ ယုံစေချင်တာပါ။ ဘုရားကို တကယ်ယုံကြည်တဲ့သူက သူတကယ်ယုံကြည်တဲ့အတိုင်း ကျင့်ကြံနေထိုင်တော့မယ်ဆိုတာ သေချာတာပေါ့။ သံပေတရှုး ယုံကြည်သလို “ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရားရဲ့သားတော် ခရစ်တော် ဖြစ်တော်မူပါတယ်” ။ သခင်ယေရှုက “ငါသည် လမ်းဖြစ်တယ်။ အမှန်တရားဖြစ်တယ်။ အသက်ဖြစ်တယ်” ဆိုတာတွေကို ကျနော်တို့ ယုံလို့ ယေရှုဘုရားထံ လာကြရတာပါ။ ပျက်စီးတတ်တဲ့မုန့် ၊ တာရှည်မခံတဲ့ လောကမုန့်ကို စားရဖို့အတွက် ဘုရားဆီ လာကြတာ မဟုတ်ရပါဘူး။

လောကမှာ အသက်ရှင်နေနိုင်ဖို့ အစားအစာ စားရသလို ဝိညာဉ်ရေးမှာ ရှင်သန်နိုင်ဖို့/ ဝိညာဉ်ခွန်အားရှိဖို့ ဝိညာဉ်အစာ စားဖို့ လိုပါတယ်။ ယေရှုဘုရားရှင် မိန့်တော်မူတာက “ငါသည် အသက်မုန့် ဖြစ်၏။ ငါထံသို့လာသောသူသည် မည်သည့်အခါမျှ ဆာငတ်ခြင်းရှိလိမ့်မည်မဟုတ်။ ငါ၌ယုံကြည်သောသူသည်လည်း မည်သည့်အခါမျှ ရေငတ်လိမ့်မည်မဟုတ်။”

ဒါကြောင့် လောကမှာ နေထိုင်လုပ်ကိုင် ရှာဖွေစားသောက်စဉ် ဘုရားနဲ့ပေါင်းစပ်ပြီး အသက်ရှင်ပါ။ ဘုရားနဲ့ ဘာမျှမပတ်သက်ပဲ နေထိုင်ရင် သင့်ဝိညာဉ်ရေးမှာ ခွန်အားမရှိဖြစ်ပြီး လောကသားတွေလို အတွေးအခေါ်အတိုင်း ပျက်စီးရပါလိမ့်မယ်။ အဲ့ဒီလိုဖြစ်ရင် ခရစ်ယာန်က ခရစ်ယာန်လို မပြောတော့ဘူး။ ဘုန်းကြီးက ဘုန်းကြီးလို မနှိမ့်ချတော့ဘူး။ မာနကြီးလာပြီ။ ခရစ်ယာန်က ခရစ်ယာန်လို မနူးညံ့ မသိမ်မွေ့တော့ဘူး။ ကြမ်းတမ်းရိုင်းစိုင်းလာပြီ။ လူတွေက လူတွေလို လူမဆန်ကြတော့ဘူး။

တိရစ္ဆာန်လို / ဝိညာဉ်မပါတဲ့ သတ္တဝါလို ဖြစ်လာကြပြီ၊ ကိုယ့်ဝိညာဉ်ရေးကိုလည်း စိတ်မဝင်စားကြတော့ဘူး။ လောကဆန်လာကြပြီ။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဧဖက်သြဝါဒစာမှာ ရှင်ပေါလူးက သင်တို့ဟာ ခရစ်ယာန်တွေ ဖြစ်ကြတယ်။ လောကသားတွေလို အနှစ်သာရမဲ့တဲ့ အတွေးအခေါ်တွေနဲ့ နေထိုင်လို့ မရဘူး။ ခရစ်တော်ထံမှ သင်ယူခဲ့ရတဲ့တရားတော်အတိုင်း သင်တို့၏စိတ်နှလုံးကို အသစ်ပြုပြင်ပြီး နေထိုင်ကျင့်ကြံကြရမယ် လို့ ဆုံးမစာ ရေးထားပါတယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။